ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ဒီးမော့ဆိုမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇-၂၀၁၈)


## Village Development Plan (VDP)

သေးဆူလဲကျေးရွာအုပ်စု၊ ကုန်းသာကျေးရွာ


# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | ဒီးမော့ဆိုမြို့နယ်မြေပုံ | ၁ | |
| ၂။ | ကျေးရွာအုပ်စုမြေပုံ | ၂ | |
| ၃။ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်းနှင့်လူဦးရေ | ၃ | |
| ၄။ | ကျေးရွာမြေပုံ(တည်နေရာ) | ၄ | |
| ၅။ | ကျေးရွာမြေပုံသုံးသပ်ချက် | ၅ | |
| ၆။ | ကျေးရွာသမိုင်းကြောင်းအကျဉ်းချုပ် | ၆ | |
| ၇။ | ကျေးရွာအတွင်းရှိ ဥစ္စာခနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၇ | |
| ၈။ | ကျေးရွာအတွင်းရှိ ဥစ္စာခနကြွယ်ဝမှုအဆင့်သတ်မှတ်သုံးသပ်ချက် | ၈ | |
| ၉။ | ကျေးရွာအတွင်းရှိ ကျား/မဆိုင်ရာ ပင့်ကူအိမ်ဖော်ထုတ်ခြင်း | ၉ | ၁၁ |
| ၁၀။ | ကျေးရွာအတွင်းရှိ ကျား/မဆိုင်ရာ ပင့်ကူအိမ်ဖော်ထုတ်သုံးသပ်ချက် | ၁၂ | |
| ၁၁။ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုဖော်ထုတ်ခြင်း | ၁၃ | |
| ၁၂။ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုဖော်ထုတ်သုံးသပ်ချက် | ၁၄ | |
| ၁၃။ | ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကိုဖော်ထုတ်ခြင်း | ၁၅ | |
| ၁၄။ | ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကိုဖော်ထုတ်သုံးသပ်ချက် | ၁၆ | |
| ၁၅။ | ကျေးရွာအတွင်းရှိ ကော်မတီဝင်များစာရင်း/ဓါတ်ပုံ | ၁၇ | ၁[illegible] |
| ၁၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ | ၁၉ | |
| ၁၇။ | ကျေးရွာအချက်အလက်ပုံစံ(၁) | ၂၀ | ၂၂ |
| ၁၈။ | စီမံကိန်းစက်ဝန်း အချိန်ဇယား(ပုံစံ-၂) | ၂၃ | ၂၄ |
| ၁၉။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃) | ၂၅ | ၂၆ |
| ၂၀။ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း(ပုံစံ-၄) | ၂၇ | ၃၀ |
| ၂၁။ | ကျေးရွာအစည်းအဝေးမှတ်တမ်းများ | ၃၂ | ၃၃ |
| ၂၂။ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၃၄ | ၃၅ |

# ဒီးမော့ဆိုမြို့နယ်အညွှန်းပြမြေပုံ




# သေးဆူလဲအုပ်စု (အုပ်စုမြေပုံ)



## အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စုအရေအတွက် | လူဦးရေ | | |
|---|---|---|---|---|---|
| | | | က | မ | ပ |
| ၁ | ကုန်းသာ | ၃၄၁ | ၇၈၂ | ၈၁၂ | ၁၅၉၄ |
| ၂ | သေးဆူလဲ | ၁၈၁ | ၅၀၈ | ၅၀၂ | ၁၀၁၀ |

# ကုန်းသာကျေးရွာ၏တည်နေရာပြမြေပုံ



## ကုန်းသာ ကျေးရွာ၊ သေးဆူလဲကျေးရွာအုပ်စု

**မြေပုံသုံးသပ်ချက်**

ကုန်းသာကျေးရွာ၏ ဆက်သွယ်ရေးလမ်းမ အနောက်ဘက်တွင် အ.မ.က စာသင်ကျောင်းနှင့် ကိုယ့်အားကိုကိုး မူလတန်းကျောင်းနှင့် သချိုင်း၊ ဘောလုံးကွင်း၊ ရွာဦးစေတီတို့ တည်ရှိပြီး လမ်း၏ရှေ့လက်တွင် ကိုယ့်အားကိုကိုးစာကြည့်တိုက်၊ ရွာဦးဘုန်းကြီးကျောင်း၊ ရွာနန်းစေတီနှင့် နတ်စင်တို့ တည်ရှိကြပါသည်။

ကျေးရွာတွင် အိမ်ခြေ (၃၄၁)လုံးတည် ရှိပြီး၊ ဆက်သွယ်ရေးလမ်းမကြီး ၁လမ်းနှင့် ရွာတွင်းလူသွားလမ်း ၃၂ လမ်းရှိပါသည်။ ရွာတွင်းတွင် ပြည်ထောင်အိမ် ၁၇၈ အိမ်၊ တိုက်အိမ် ၅၀အိမ်နှင့် ဝါးထရံကာသွပ်မိုးအိမ် ၁၁၃ အိမ်ရှိပါသည်။

ပါဝင်ဆွေးနွေးသူ

ကျား ( 38 ) ဦး

မ ( 40 ) ဦး

# ကုန်းသာ ကျေးရွာ သမိုင်းကြောင်းအကျဉ်းချုပ်

ကုန်းသာကျေးရွာသည် ၁၈၉၄ ခုနှစ်တွင် အိမ်ခြေ ၁၂လုံးဖြင့် စတင်တည်ထောင်ခဲ့ပြီး ယခုတွင် အိမ်ခြေပေါင်း ၃၄၁ ရှိနေပြီးဖြစ်သည်။ ကုန်သာကျေးရွာကို ဦးကုမ္ဗာဆိုသူက စတင်တည်ထောင်ခဲ့ပါသည်။ ရှေးယခင်က တည်ထောင်သူကို အစွဲပြုပြီး ကုမ္ဗာရွာဟုခေါ်ဆိုခဲ့ပါသည်။ စိုက်ပျိုးမြေကောင်းမွန်ပြီး သီးနှံဖြစ်ထွန်းကာ စိမ်းလန်းစိုပြေသာယာသောကြောင့် ကုမ္ဗာဟုသောအမည်မှ ကုန်းသာကျေးရွာဟု ရွာသူကြီး ဦးပညာမှ ပြောင်းလဲခေါ်ဆိုသမှုတ်ခဲ့ပါသည်။

၁၉၄၄ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြောင့် နေအိမ်များမီးလောင်ပျက်စီးဆုံးရှုံးခဲ့ရပြီး ရွာသူရွာသားများသည် စစ်ဘေးလွှတ်ရာ တနယ်တကျေးသို့ ခတ္တထွက်ပြေးသိမ်းရှောင်ခဲ့ကြပါသည်။ စစ်ကြီးပြီးဆုံးကာလနောက်ပိုင်းတွင် ရွာသူကြီးဦးကာမှ ဦးဆောင်ပြီး ရွာသူ/သားမှ ပြန်လည် အခြေချနေထိုင်ခဲ့ကြပါသည်။ ၁၉၅၀ ခုနှစ်တွင် ရွာသူ/သားများ ကိုးကွယ်စည်းကပ်နိုင်ရန် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း တည်ဆောက်ခဲ့ပါသည်။ ၁၉၈၀ ခုနှစ်တွင် အဘွားဒေါ်ဥမှ ရွာသူ/သားနှင့် ပူးပေါင်းဆောင်ရွက်ကာ ရွာဦးစေတီကို တည်ထားကိုးကွယ်ခဲ့ပါသည်။

၁၉၈၆ ခုနှစ်တွင် ရွာအနောက်ပိုင်းရှိ ထေးဂေးလျားချောင်း တာဘောင်ကျိုးပြီးအိမ်များ ခြံများ၊ ဘုန်းကြီးကျောင်း၊ လယ်ယာများနှင့် စိုက်ပျိုးသီးနှံများရေလွှမ်းမိုးခြင်းခံရကာ ပျက်စီးဆုံးရှုံးခဲ့ပါသည်။ ထို့နောက် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပြန်လည်ထူထောင်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၈၇ ခုနှစ်တွင် လက်ရှိဘုန်းတော်ကြီးကျောင်းကို ကိုယ်ထူကိုယ်ထ အုတ်မြစ်ချခြင်း၊ ရွာအရှေ့ဘက်လယ်တောသို့ သွားရာလမ်းအား ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ်တွင် အ.မ.က စာသင်ကျောင်းဆောင်ကို ယူနီဆက်မှ သွပ်လှူဒါန်းမှုနှင့် အတူ ကျေးရွာမှ တန်းဖိုးငွေဖြင့် ဝိုင်းဝန်းဆောက်လုပ်ခဲ့ပါသည်။ ရွာနန်းစေတီကိုမူ ၁၉၉၃ ခုနှစ်တွင် အဘိုးဦးစံလှနှင့် အဘွားဒေါ်နန်းအောင်တို့မှ ဦးစီးလှူဒါန်းပြီး ရွာသူ/သားများနှင့် တည်ထားကိုးကွယ်ခဲ့ပါသည်။ ၁၉၉၄ခုနှစ်တွင် ကျေးရွာလျှပ်စစ်မီးရရှိနိုင်ရေးအတွက် ကိုယ့်အားကိုကိုးစနစ်ဖြင့် ထရန်စဖော်မာ ဝယ်ယူထားရှိခဲ့သော်လည်း ၂၀၀၂ ခုနှစ်မှသာ လျှပ်စစ်မီး စတင်ရရှိခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ရေဘေးအန္တရာယ်ကြုံတွေ့ခဲ့ရပြီး စိုက်ပျိုးထားသော အသီးအနှံများပျက်စီးဆုံးရှုံးခဲ့ရသည်။ ၂၀၁၀ ခုနှစ်တွင် လေဆင်နှာမောင်းတိုက်ခိုက်ခြင်းကြောင့် ရွာရှိအိမ်များ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၁၀ ခုနှစ်တွင် ကိုယ့်အားကိုကိုးမူလတန်းကြိုကျောင်းနှင့် ၂၀၁၅ ခုနှစ်တွင် ပြည်ထောင်စု လွှတ်တော်ရုံး၏ ခွင့်ပြုချက်ရံပုံငွေအပါအဝင် ကျေးရွာလူထု ပံ့ပိုးငွေများဖြင့် ကျေးရွာစာကြည့်တိုက် တည်ဆောက်ပြီးစီးခဲ့ပါသည်။

ကုန်းသာကျေးရွာတွင် ရှမ်းလူမျိုးများစုနေထိုင်ပြီး ဂေါ်ရခါး၊ ကယန်း၊ ပအို့၊ အင်းသား၊ ဗမာ၊ ကယား စသည့် လူမျိုးများနေထိုင်ကြပါသည်။ လက်ရှိနေထိုင်မှုပုံစံမှ အိမ်ခြေ ၃၄၁ အိမ် ရပ်ကွက် ၄ ရပ်ကွက် လူဦးရေ ၂၀၂၃ ဦး ဖြင့် နေထိုင်လျှက်ရှိပါသည်။ ပါဝင်ဆွေးနွေးသူ ကျား ( 35 ) ဦး၊ မ ( 45 ) ဦး

ရက်စွဲ = ၂၇.၅.၁၆ (အင်္ဂါနေ့)

ကျေးရွာ = ကုန်းသာ

အုပ်စု = သေးသုန်

ပါဝင်ဆွေးနွေးသူ

ကျား = 70

မ = 80

## ဥစ္စာဓန အဆင့်သတ်မှတ်ခြင်း

| အဆင့် | စံသတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| A | နှစ်ထပ်တိုက်၊ ဆန်စက်၊ ကား၊ လယ်ထွန်စက်ကြီး၊ ခြံ (မြေကွက်) ကထောက်၊ လယ် (၂) ဧကအထက်၊ နွား (၅) | ၃၀ | ၈.၈% |
| B | ထော်လာဂျီ၊ နှစ်ထပ်တိုက်၊ ခြံ (၃)ကွက် ထောက်၊ ဆိုင်းဘီး (Honda) စျေးဆိုင်၊ ကိုင်းဥယျာဉ် | ၁၂၀ | ၃၅.၂% |
| C | တိုက်ပု၊ ခြံ၁ကွက်၊ တရုတ်ဘီး (ဆိုင်ကယ်)၊ စက်ဘီး၊ သွပ်မိုးပျဉ်ကာ | ၁၅၀ | ၄၄.၀% |
| D | ထရံကာသွပ်မိုးတဲ၊ အိမ်နှင့်ခြံ၊ ကျပန်း၊ စက်ဘီး၊ | ၄၁ | ၁၂.၀% |
| စုစုပေါင်း | | ၃၄၁ | ၁၀၀% |

ကုန်းသာ ကျေးရွာ၊ သေးဆူလဲကျေးရွာအုပ်စု

## ဥစ္စာဓနအင်အားအဆင့် သတ်မှတ်ခြင်း သုံးသပ်ချက်

ကုန်းသာကျေးရွာတွင် အိမ်ခြေ ၃၁၃ လုံးရှိသည့်အနက်၊ ၅၀ မှာ ချမ်းသာသည်။ အိမ်ထောင်စုများဖြစ်ကြပြီး စီးပွားရေးပြေလည်သော အိမ်ထောင်စုပေါင်း ၁၅၀ နှင့် နွမ်းပါးသော အိမ်ထောင်စု ၁၁၃ ခန့်ရှိပါသည်။ ချမ်းသာသောအိမ်ထောင်စုတစုတွင် ပိုင်ဆိုင်မှုအဖြစ် လယ်နှင့် ယာ ၅ ဧကနှင့် အထက်၊ ကား၊ ဆိုင်ကယ်၊ လယ်ထွန်စက်၊ ထော်လာဂျီ၊ တိုက်အိမ်၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများနှင့်

တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း စသည်သို့အား ပိုင်ဆိုင်ကြသည်။ စီးပွားရေးပြေလည်သော အိမ်ထောင်စုများမှ လယ်နှင့် ယာ ၃ဧကနှင့်အထက်၊ ပျဉ်ထောင်သွပ်မိုးအိမ်၊ ကား၊ ထော်လာဂျီ၊ ကြက်၊ နွား၊ ဝက် မွေးမြူရေး စသည် တို့အား ပိုင်ဆိုင်ထားကြပါသည်။ နွမ်းပါးသောအိမ်များမှာ ထရံအိမ်၊ ဆိုင်ကယ်၊ လယ်မြေ (၁)ဧကနှင့် အလုပ် အကိုင်များမှာမှအများအားဖြင့် ကျဘမ်းအလုပ်အား လုပ်ကိုင်ကြပါသည်။ ချမ်းသာသောအိမ်ထောင်စုသည် (၃၀%) ၊ ပြေလည်သောအိမ်ထောင်စုသည် (၅၅%)နှင့်၊ နွမ်းပါးသောအိမ်ထောင်စု (၃၅%) တို့ဖြစ်ကြသည်။

ကုန်းသာကျေးရွာတွင်လယ်တစ်ဧကတွင် စပါးတင်း ၆၀ နှုန်းသာထွက်သည့် အတွက် လယ်တမား တစ်ဦးလျှင် စိုက်ပျိုးခ၊ ရိတ်ခနှုတ်ပြီးလျှင် အကျိုးအမြတ်အဖြစ်အနည်းငယ်သာ ခံစားကြရပါသည်။ နေ့စားအလုပ် သမားများသည်လည်း၊ ရာသီအလိုက် အလုပ်ပေါ်ချိန်တွင်သာ အလုပ်လုပ်ကြပြီး ကျန်ရာသီတွင် နေ့စဉ်ဝင်ငွေမရှိသောကြောင့် ဝင်ငွေနည်းပါးပြီး စားဝတ်နေရေးအခက်အခဲများဖြစ်ပေါ်ရပါသည်။

ကုန်းသာကျေးရွာတွင် အိမ်ခြေ ၃၁၃ လုံးရှိသည့်အနက် ၅၀မှာ ချမ်းသာသည့် အိမ်ထောင်စုများဖြစ်ကြ ပြီး၊ စီးပွားရေးပြေလည်သောအိမ်ထောင်စုပေါင်း (၁၅၀) နှင့် နွမ်းပါးသောအိမ်ထောင်စု (၁၁၃) စုခန့်ရှိပါသည်။ ချမ်းသာသောအိမ်ထောင်စု ဆစ်စုလျှင် ပိုင်ဆိုင်မှုအဖြစ် လယ်ယာ ၅ ဧကနှင့် အထက် ကား၊ ဆိုင်ကယ်၊ လယ်ထွန်စက်၊ ထော်လာဂျီ၊တိုက် အိမ်၊ ကိုယ်ပိုင်စီးပွားရေး၊ မွေးမြူရေးလုပ်ငန်းစသည်တို့ အားပိုင်ဆိုင်ကြသည်။ စီးပွားရေးပြေလည်သောအိမ်ထောင်စုများမှာ လယ်နှင့်ယာ ၃ ဧကနှင့်အထက်၊ ပျဉ်ထောင် သွပ်မိုးအိမ်၊ ကား၊ ထော်လာဂျီနှင့် ကြက်၊ နွား၊ ဝက် များပိုင်ဆိုင်ကြပါသည်။

ပါဝင်ဆွေးနွေးသူ

ကျား ( 39 ) ဦး

မ ( 80 ) ဦး

ရက်စွဲ = [illegible]

ကျေးရွာ = ကုန်းသာ

အုပ်စု = ဝေဘူလဲ

# အရင်းအမြစ် ထိန်းချုပ်မှုပြဇယား

ကျား = ၇

မ = [illegible]

| ကျား | မ | ကျား+မ |
|---|---|---|
| စာသင်ကျောင်း | အပ်ချုပ်စက် | လယ်ယာ |
| စာကြည့်တိုက် | | လမ်း |
| ချောင်း | | စေတီ |
| မီး | | ဘုန်းကြီးကျောင်း |
| ဘောလုံးကွင်း | | သင်္ချိုင်း |
| ရေတွင်း | | မူကြိုကျောင်း |
| | | တံတား |
| | | TV |
| | | ကား |
| | | ခြံ |
| | | အိမ် |
| | | ဆိုင်ကယ် |

ရက်စွဲ = ၂၇.၁၂.၂၀၁၆

ကျေးရွာ = ကုန်းသာ


အုပ်စု = သေးအုလဲ

# အရင်းအမြစ် သုံးစွဲမှုပြဇယား

ကျား = ၇

မ = ၈

| ကျား | မ | ကျား+မ |
|---|---|---|
| စာသင်ကျောင်း | မူကြိုကျောင်း | စာသင်ကျောင်း |
| စာကြည့်တိုက် | တံတား | စာကြည့်တိုက် |
| ရှမ်းအိုးစည် | လမ်း | လယ်ယာ |
| တီးဝိုင်း | ဘောလုံးကွင်း | လမ်း |
| လယ်ယာ | စာကြည့်တိုက် | ချောင်း |
| လမ်း | ဘုန်းကြီးကျောင်း | မီး |
| ချောင်း | ဆိုင်ကယ် | စေတီ |
| စက် | ရေတွင်း | ဘုန်းကြီးကျောင်း |
| မီး | အိမ် | သချိုင်း |
| စေတီ | TV | မူကြိုကျောင်း |
| သိမ် | အပ်ချုပ်စက် | တံတား |
| ဘုန်းကြီးကျောင်း | ကား | ဘောလုံးကွင်း |
| သချိုင်း | မြို့ | ဆိုင်ကယ် |
| | | ရေတွင်း |
| | | အိမ် |
| | | TV |
| | | ကား |
| | | မြို့ |



ပင့်ကူအိမ်သုံး သုံးသပ်ခြင်း
ကျေးရွာ ။ ကုန်းသာ
အုပ်စု ။ သေးဆုလဲ
ရက်စွဲ ၊ 27.12.2016
ကျား ၊ 70
မ ၊ 80
ပညာရေး
ရပ်ရွာ/အဖွဲ့အစည်း ပါဝင်မှု
အရင်းအမြစ်များ သုံးစွဲပိုင်ခွင့်
အမျိုးသမီး
အမျိုးသား


ပင်ကူအိမ်သုံးသပ်ချက်

ကုန်းသာကျေးရွာရှိ အမျိုးသား/မီးများသည် ရပ်ရွာအကျိုးအားတန်းတူညီမျှပူးပေါင်း လုပ်ဆောင်ကြသော်လည်း ဦးဆောင်မှုအနေဖြင့် အမျိုးသားများကသာ ဦးဆောင်လျှက်ရှိပြီး အမျိုးသမီးများမှာ ဦးဆောင်မှုတွင် အားနည်းကြသည်။ အမျိုးသမီးများသည်ရှေးအစဉ်အလာအတိုင်း အမျိုးသား၏ ဩဇာလွှမ်းမိုးမှု အောက်တွင်သာနေထိုင်ကြသည်။ အမျိုးသမီးများသည် အိမ်တွင်းရေးကိစ္စရပ်များကိုသာ ပိုပြီး တာဝန်ယူလုပ်ကိုင်ကြပြီး လူမှုရေးကိစ္စရပ်များနှင့် ပညာတတ်နည်းပါးခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများတွင်လည်း အမျိုးသားများထက်နိမ့်ကျလျှက်ရှိပါသည်။ ထိုကဲ့သို့ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသည့်အပြင် လုပ်ငန်းခွင်ဝင်ရာတွင်လည်း အမျိုးသားများထက် ဝင်ငွေလျှော့နည်းစွာ သာ ရရှိသောကြောင့် ပညာရေးအားကောင်းမွန်စွာ မသင်ကြားလိုကြဘဲ ဝင်ငွေများရရှိနိုင်ရန် ကျောင်းမှ ထွက်ကာ လယ်ယာလုပ်ငန်းများ နှင့် အခြားလုပ်ငန်းများတွင် ဝင်ရောက်ကာ အလုပ်လုပ်ကိုင်ကြသည်။ ထို့ကြောင့် ကျေးရွာ အတွင်း ရှိရွာသူရွာသားများ၏ စားဝတ်နေရေးနှင့် ပညာတတ်မြောက်ခြင်း ဖြစ်ပေါ်လာပါက ကျေးရွာဖွံ့ဖြိုးရေးနှင့် ကျေးရွာလုပ်ငန်းများတွင် အစဉ်တစိုက် တက်ကြွစွာပါဝင်လုပ်ဆောင်နိုင်ကြမည်ဖြစ်သည်။ ကုန်းသာကျေးရွာ အမျိုးသမီးများသည် အိမ်တွင်းမှုကိစ္စရပ်များသာ ဆောင်ရွက်နေမှုကြောင့် ရပ်ရွာ အရေးတွင် ခေါင်းဆောင်နိုင်မှု အားနည်းခြင်း ပြင်ပ အလုပ်ကိုင်ရှားပါးခြင်းနှင့် လုပ်ခလစာအား အမျိုးသားများနှင့်တန်းတူ ခံစားခွင့် မရှိခြင်း၊ စီးပွားရေးမပြေလည်ခြင်း များရှိကြသည်။

ပါဝင်ဆွေးနွေးသူ

ကျား ( ၅၄ ) ဦး

မ ( ၈၀) ဦး


ရက်စွဲ။ 27. 12. 2016
ကျား။ 70
school
ရွာလူထု


## အဖွဲ့အစည်းချိတ်ဆက်မှုအခြေပြဇယား သုံးသပ်ချက်

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်၊ သေးဆူလဲအုပ်စု၊ ကုန်းသာကျေးရွာတွင် အဖွဲ့အစည်း (၁၁) ဖွဲ့ ရှိပါသည်။ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ စီမံကိန်းကျေးရွာ၊ အုပ်ချုပ်ရေးမှူး၊ လူငယ်အဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ နာရေးကူညီမှုအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ဘာသာရေးအဖွဲ့၊ မီးသတ်အဖွဲ့ တို့ဖြင့်ဖွဲ့စည်းထားပါသည်။ အစိုးရလက်အောက်ရှိအဖွဲ့အစည်းများမှာ အုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့ဖြစ်ကြပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးသည် ကျေးရွာ သာရေးနာရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ရပ်ရွာရေးအကျိုးကိစ္စများကို ဦးဆောင်ကာ ကျေးရွာနေ ရွာသူ/သား များနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြပြီး ကျေးရွာတွင်ဖြစ်ပေါ်လာသော ပြဿနာရပ်များကို ပြေလည်စေရန် ဖြေရှင်းပေးရပါသည်။ လူငယ်အဖွဲ့မှာလဲ ကျေးရွာတွင် အလှူ၊ မင်္ဂလာဆောင်၊ နာရေးစသော ကိစ္စရပ်များတွင် တက်ညီလက်ညီဖြင့် ဦးဆောင်လျှက် ရှိပါသည်။ မီးသတ်အဖွဲ့မှာလည်း ကျေးရွာ၏မီးဘေးအန္တရာယ် လုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်ကြပြီး ကြက်ခြေနီအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျေးရွာတွင် ရေကန်များနှင့် အများသုံးအိမ်သာများ အားတည်ဆောက်ကာ ကျန်းမာရေးကိစ္စရပ်များဆောင်ရွက်ကြသည်။ ကုန်းသာကျေးရွာရှိ အဖွဲ့များသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ ချိတ်ဆက်ကာ ကောင်းမွန်စွာဖြင့် စည်းလုံးစွာ ဆောင်ရွက်လျှက်ရှိကြပါသည်။

ပါဝင်ဆွေးနွေးသူ

ကျား ( ၇၀ ) ဦး

မ ( ၈၀ ) ဦး



## <u>ကုန်းသာ ကျေးရွာ၊ သေးဆုလဲကျေးရွာအုပ်စု</u>

### ရာသီခွင်ပြ ဖယားသုံးသပ်ချက်များ

ကုန်းသာကျေးရွာ သည် လူဦးရေ ၂၀၁၃ ဦးရှိပါသည်။ ရှမ်းလူမျိုးအများဖြစ်ကြပြီး၊ ဂေါ်ရခါး၊ ကယန်း၊ ပအို့ဝ်၊ အင်း၊ ဗမာ စသည်လူမျိုးများနှင့် နေထိုင်လျှက်ရှိကြသည်။ ရွာသူ/သားအများစုမှာ ခြံလုပ်ငန်းကို လုပ်ကိုင်ကြသည်။ ပျောင်းဖူးရိတ်သိမ်းပြီးသောကာလ ဖြစ်သော တော်တလင်းလတွင် အားလူး၊ ဟင်းသီးဟင်းရွက် များရောင်းချကြပါသည်။ လယ်ယာနှင့် ခြံလုပ်ငန်းကို အများစုလုပ်ကိုင်ကြသော်လည်း အချို့ မှ နေ့စားအလုပ်သမားများအဖြင့် ရာသီအလိုက် အလုပ်ပေါ်ချိန်တွင် ဝင်ရောက် လုပ်ကိုင်လျှက်ရှိပြီး၊ အားလူး သိမ်းချိန်ဖြစ်သော တပို့တွဲလတွင် ဝင်ငွေကောင်းသော်လည်း၊ ကျန်ကာလများတွင် သာမာန်ဝင်ငွေခန့်သာ ရရှိ ကြသည်။ ကျေးရွာတွင် အသုံးပြုသောလမ်းများမှာ မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီဖြစ်သည့် ကဆုန်၊ နယုန်၊ ဝါဆိုလ၊ ဝါခေါင်လ၊ တော်တလင်းလနှင့် သီတင်းကျွတ်လ အထိ လမ်းပန်းဆက်သွယ်ရေးခက်ခဲပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးအတွက် လိုအပ်သည့် ရေရှားပါးမှုကြောင့် အခက်အခဲများကြုံတွေ့ရပါသည်။

ကုန်းသာကျေးရွာတွင် နှစ်စဉ်ဘာသာရေးပွဲလမ်းများ ကျင်းပလေ့ရှိပြီး၊ ပြာသိုလတွင် ရွာဦးနတ်ပူဇော်ပွဲ၊ တပေါင်းလတွင် စွမ်းဆန်စိမ်းလောင်းလှူပွဲ၊ တန်ခူးလတွင် ကျောင်းတက်ပွဲ၊ ကဆုန်လတွင်ပဌာန်းပွဲ၊ ဝါဆိုလတွင် ဝါဆို

ပါဝင်ဆွေးနွေးသူ

ကျား ( 26 ၇၀ ) ဦး

မ ( 30 ) ဦး

ကျေးရွာ= ကုန်းသာ

## ဒုတိယနှစ် ကျေးရွာကော်မတီများ စာရင်း

အုပ်စု= သေးဆူလဲ

| စဉ် | ကော်မတီအမည် | အမည် | ရာထူးတာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ကျေးရွာ စီထောက် | ဦးကျော်ငွေစိုး | ကျေးရွာ စီထောက် | 09-253509277 | အုပ်စုငွေထိန်း |
| ၂။ | ॥ | ဒေါ်ငွေငွေဝင်း | ॥ | 09-250184380 | အုပ်စုစီထောက် |
| ၃။ | ॥ | ဦးဘမောင် | ॥ | 09-456955612 | |
| ၄။ | ဝယ်ယူရေးကော်မတီ | ဒေါ်ကွယ်မြာ | ဥက္ကဋ္ဌ | 09-780443176 | |
| ၅။ | ॥ | ဦးအောင်ဆန်းထွေး | အဖွဲ့ ဝင် | 09-250804637 | |
| ၆။ | ॥ | ဦးစိုင်းဖိုးထူး | ॥ | 09-264140962 | အသစ်ဝင်သူ |
| ၇။ | စောင့်ကြည့်ကြီးကြပ်ရေး | ဦးမြင့်နိုင်ဦး | ဥက္ကဋ္ဌ | 09-789771746 | |
| ၈။ | ॥ | ဦးဆန်းအေး | အဖွဲ့ ဝင် | 09-786497721 | |
| ၉။ | ॥ | ဒေါ်စိန်မြင့် | ॥ | 09-250489116 | |
| ၁၀။ | လည်ပတ်ပြုပြင်ထိန်းသိမ်းရေး | ဦးအောင်ငဲ | ဥက္ကဋ္ဌ | 09-30768471 | အသစ်ဝင်သူ |
| ၁၁။ | ॥ | ဒေါ်မြစိန် | အဖွဲ့ ဝင် | 09-36539732 | |
| ၁၂။ | ॥ | ဦးမိုးညို | ॥ | 09-256252341 | |
| ၁၃။ | ကျေးရွာစာရင်းကိုင် | ဦးကျော်ထူး | စာရင်းကိုင် | 09-788726657 | |
| ၁၄။ | ဂေဖန်အကြံပြုတိုင်ကြားရေး | ဦးစံညွန့် | အဖွဲ့ ဝင် | 09-783238064 | |
| ၁၅။ | ॥ | ဒေါ်နန်းဘိ | ॥ | 09-428007017 | အုပ်စုအကြံပြုအတွင်းရေးမှူး |
| ၁၆။ | စေတနာ့ဝန်ထမ်း | ဒေါ်ရီရီထွေး | အဖွဲ့ ဝင် | 09-548332970 | |
| ၁၇။ | ॥ | ဒေါ်သီတာဦး | ॥ | 09-36145450 | |
| ၁၈။ | ॥ | ဦးဇာခြည်ထွန်း | ॥ | 09-790434228 | |
| ၁၉။ | ॥ | ဦးဟန်ဇော်ဟိန်း | ॥ | 09-459966451 | အသစ်ဝင်သူ |




# သေးဆူလဲကျေးရွာအုပ်စု၊ကုန်းသာကျေးရွာ
# လူထုဗဟိုပြုစီမံကိန်း
# ကျေးရွာကော်မတီဝင်မှတ်တမ်း

# ကျေးရွာလူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း မှတ်တမ်းများ





## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | | | |
|---|---|---|---|---|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းရယူ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | | | |
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးမိုးကြယ် | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် ၀၉-455437584 | | လူထုစည်းရုံးရေးမှူး၏ အမည် ဦးစိုးနေလင်း | |
| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် ဒီးမော့ဆို | | ကျေးရွာအုပ်စု ဝေါးဆူလ | | ကျေးရွာ ကုန်းသာ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ရှမ်း | 288 | ဘာသာ (၁) ဗုဒ္ဓဘာသာ | 332 |
| လူမျိုးစု (၂) ကယား | 21 | ဘာသာ (၂) ---------- | |
| လူမျိုးစု (၃) ပအိုဝ်း | 14 | ဘာသာ (၃) ---------- | |
| လူမျိုးစု (၄) ဗမာ | 5 | | |
| လူမျိုးစုရော ရှမ်း+ကယန်း | 4 | ဘာသာရော ---------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | 10 ဦး | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 41 ဦး | | |
| စစ်ဘေးရှောင် | - | - | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)--- ရှမ်း ---------- | 652 | 665 |
| လူမျိုးစု (၂) --- ကယား ---------- | 51 | 51 |
| လူမျိုးစု (၃) --- ပအိုဝ်း ---------- | 40 | 37 |
| လူမျိုးစု (၄) --- ဗမာ ---------- | 18 | 18 |
| လူမျိုးစု (၅) -- ရှမ်း + ကယန်း | 9 | 9 |
| အိမ်ထောင်ဦးစီး | 284 | 48 |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☑ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက်<br>လူငယ်စာကြည့်<br>တိုက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☑ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☑ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☑ | ☑ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☑ |
| မူကြိုဆရာ/မ | ☑ | ☑ | သားဖွားဆရာမ | ☑ | ☑ | ရေတိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား _______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဖယ်ပိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် 2013/မသိပါ

(၃) ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင် ၆ ဖာလုံ/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် 5 min ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------

မိုးရာသီတွင်ကြာချိန် 5 min ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---ရေကြီးခြင်း

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဖယ်ပိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) Red Cross

(၂) နာရေးကူညီမှုအသင်း (2013)

ကျေးရွာခေါင်းဆောင် — အမည် ဦးဇော်ကြည် (ကျေးရွာအုပ်ချုပ်ရေးမှူး)

လက်မှတ် ကြည် နေ့စွဲ ၂၇.၁၂.၂၀၁၆

လူထုစည်းရုံးရေးမှူး — အမည် ဦးစိုးနေလင်း

လက်မှတ် [signature] နေ့စွဲ 27.12.2016

## ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
|---|---|---|---|
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် [illegible] | | | |
| နေ့စွဲ 27.12.2016 | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☒စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီမော့ဆို | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 27.12.16 | 27.12.16 | 70 | 80 | 150 | ရှမ်း 123<br>ပအိုဝ့် 6 |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 27.12.16 | 27.12.16 | 70 | 80 | 150 | ရှမ်း 123<br>ပအိုဝ့် 6 |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 14.1.17 | 14.1.17 | 7 | 7 | 14 | ကယား 8<br>ရှမ်း 6 |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 25.1.17 | 25.1.17 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 21.2.17 | 21.2.17 | 70 | 25 | 95 | ရှမ်း 95 |

ကယား = 6
ကယန်း = 15
ကယား = 6
ကယန်း = 15

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | 22.2.17 | 22.2.17 | 6 | 6 | 12 | ရှမ်း | 12 |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 22.2.17 | 22.2.17 | 6 | 6 | 12 | ရှမ်း | 12 |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 22.2.17 | 22.2.17 | 6 | 6 | 12 | ရှမ်း | 12 |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 22.2.17 | 22.2.17 | 6 | 6 | 12 | ရှမ်း | 12 |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

*လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။*

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး ဦး နောင်

| | |
|---|---|
| နေ့စွဲ 27.12.2016 | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |

| | | | |
|---|---|---|---|
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု သေးချူ | ကျေးရွာ ကန်းသာ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လျှပ်စစ်မီး အားနည်းသည့်အခက်အခဲ | ၁ | မိုးတွင်း ရွာကားလမ်း မကောင်းသည့်အခက်အခဲ |
| ၂ | ရွာလမ်းကား မကောင်းသည့်အခက်အခဲ | ၂ | ကလေးများ စာသင်ရန် နေရာမလုံလောက်ခြင်း |
| ၃ | စာသင်ကျောင်း ဆောင်မလုံလောက်ခြင်း | ၃ | ကျေးရွာတွင်း အစည်းအဝေး ပြုလုပ်ရန် နေရာအခက်အခဲ |
| ၄ | စာသင်ကျောင်း ရေသန့် မရှိသည့်အခက်အခဲ | ၄ | |
| ၅ | ဓါတ်မီးတိုင် မရှိသည့် အခက်အခဲ | ၅ | |

၆။ စာသင်ကျောင်း အုတ်တံတိုင်း မရှိခြင်း

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလုပ်ထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ထရန်စဖော်မာ 200KV ရရှိရန် | ၁ | ကျေးရွာလမ်းကားလမ်းများ ကျောက်ချောလမ်းဖြစ်လျှင် |
| ၂ | ရွာကားလမ်းများ ကျောက်ချောလမ်းဖြစ်ရန် | ၂ | စာသင်ကျောင်း အခန်း လုံလောက်မှုရှိလာရန် |
| ၃ | စာသင်ကျောင်း အခန်း လုံလောက်မှုရှိရန် | ၃ | ကျေးရွာ ခန်းမဆောင် ရရှိလာစေရန် |
| ၄ | စာသင်ကျောင်း ရေသန့် စက်ရရှိရန် | ၄ | |
| ၅ | ဓါတ်မီးတိုင် ရရှိလာရမည် | ၅ | |

၆။ စာသင်ကျောင်း အုတ်တံတိုင်း ရရှိရမည်

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကျောက်ချောလမ်း | ကျား+မ | 100 သိန်း | 1600 ဦး |
| ၂ | ခန်းမဆောင် | မ | 200 သိန်း | 1600 ဦး |
| ၃ | စာသင်ကျောင်း ပြုပြင်ခြင်း | ကျား + မ | 100 သိန်း | 1600 ဦး |
| ၄ | ဓါတ်မီးတိုင် (အုတ်) | ကျား | 100 သိန်း | 1600 ဦး |
| ၅ | | | | |

ယ၊ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ကျောင်းဆရာ/မ လုံလောက်စွာခန့်ထားပေးရန် | ကျား | ပညာရေး |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |


ဥက္ကဌ ၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မီတီမှ အတည်ပြုသည်။


အမည် ဒေါ်မြူမြူထင် လက်မှတ် ______ နေ့စွဲ 27.12.2016

အောက်ဆက်တွဲ (၄)


ကျေးရွာ = ဇရိုးဘ

| စဉ် | လုပ်ငန်း | ပါဝင်သူဦး ကျား/မ | လ/နှစ် | ကျေးရွာမှ တာဝန်ခံသူ (သို့) အဖွဲ့ | ပြင်ပမှပါဝင်သူ ထောက်ပံ့မှု |
|---|---|---|---|---|---|
| ၁ | ကျောက်ချောလမ်း (အခြေခံအဆောက်အအုံ) | ကျား+မ | 2017 | ကျေးရွာ | [illegible] စီမံကိန်း |
| ၂ | စိုးမဆောင် (အခြေခံအဆောက်အအုံ) | မ | 2018 | - | - |
| ၃ | စာသင်ကျောင်း ပြုပြင်ခြင်း (ပညာရေး) | ကျား+မ | 2019 | - | - |
| ၄ | ဓါတ်မီးတိုင် (ဆိုလာ) (အခြား) | ကျား | 2020 | - | - |
| ၅ | ကျောင်းဆရာ/မ လုံလောက်စွာ ချထားပေးရန် (ပညာရေး) | ကျား | - | - | - |


ရက်စွဲ = 27.12.2010
ကျေးရွာပေါ်
ကျား = 70
မ = 80
အခက်အခဲ / အတားအဆီး / ပြဿနာ
အမျိုးသား
အမျိုးသမီး
လျှပ်စစ်မီး အားနည်းသည့် အခက်အခဲ
ရွာကြားလမ်း မကောင်းခြင်း
မီးတိုင်မရှိခြင်း
စားဝတ်နေရေး အခက်အခဲ
ကျောင်းဆရာ(မ) မလုံလောက်
စာသင်ကျောင်းဆောင် မလုံလောက်၍ အခက်အခဲ
လမ်းပန်းဆက်သွယ်ရေး ခက်ခဲ (မိုးရာသီ)
ကလေးများ စာသင်ရန် နေရာ မလုံလောက်
အစည်းအဝေး ပြုလုပ်ရန် နေရာ ခက်ခဲ



အမျိုးသား
အမျိုးသမီး



ကျေးရွာ၏ မျှော်မှန်းချက်
ကျား = 70
မ = 80
အမျိုးသား
အမျိုးသမီး
လမ်းကောင်း ချင်တယ်

...= ၂၄.၁၂.၂၀...

ကျေးရွာ = ကုန်းသာ

...စု = ၆ သဲဆုပ်

# ကျေးရွာ၏ဦးစားပေးလုပ်ငန်းစဉ်များ

ကျား = ၇...

မ = ၈...

| ...ထုတ်ဖော်ပြီးစီး ...ငန်းအတွက်ဦး ...စားပေးအဆင့် | ကျေးရွာ၏ဦးစားပေး လုပ်ငန်းစဉ်များ | အကျိုးခံစားသူ (ကျား/မ) (ကျား+မ) | အတိုင်းအတာ | ခန့်မှန်းကုန်ကျ စရိတ် | အကျိုး... [illegible] |
|---|---|---|---|---|---|
| ၁ | ကျောက်ချောလမ်း | က+မ | ၁၄၀၀' | | ၁၆၀၀ |
| ၂ | ခန်းမဆောင် | မ | ၆၀×၆၀' | | ။ |
| ၃ | စာသင်ကျောင်း ပြုပြင် ရန် | က+မ | ၁၂၀'×၃၀' | | ။ |
| ၄ | ဓာတ်မီးတိုင် (အလင်း) | က | ၁၅၀ လုံး | | ။ |
| | | | | | |

<u>**ပထမအကြိမ် အစည်းဝေး နှင့် ဒုတိယအကြိမ် အစည်းဝေး မှတ်တမ်း**</u>

**နေ့စွဲ။** ။ ၂၇.၁၂.၂၀၁၆

**ကျေးရွာ ။** ။ကုန်းသာကျေးရွာ **အချိန်။** ။ 9:30 AM to 4:00 PM

**အုပ်စု ။** ။ သေးဆူလဲအုပ်စု **နေရာ။** ။ ကုန်းသာဘုန်းကြီးကျောင်း

**တက်ရောက်သူဦးရေ။** ကျား- ၇၀ ဦး / မ- ၈၀ ဦး

**အစည်းအဝေးပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်** - လူထုဗဟိုပြုစီမံကိန်း အကြောင်းမိတ်ဆက်ခြင်း၊ ကော်မတီဝင်များပြန်လည်ရွေးချယ်အတည်ပြု ခြင်း ၊ ကျေးရွာလူမှုဆန်းစစ်ခြင်း (PRA Tools ) ပြုလုပ်ခြင်း နှင့် ကျေးရွာ၏ ဦးစားပေး ဖွံ့ဖြိုးရေး လုပ်ငန်းများဖော်ထုတ်ခြင်း။

အစည်းအဝေးကိုတက်ရောက်သူများ၏ မှတ်တမ်းကောက်ယူခြင်းဖြင့် စတင်ပါသည်။ ဆက်လက်ပြီး ကျေးရွာအုပ်စု အုပ် ချုပ်ရေးမှူး ဦးမြင့်စိန် မှအမှာစကားပြောကြားရာတွင် ကျေးရွာသူ/သားများ ယခုလိုစုံညီစွာတက် ရောက်လာကြသည့်အတွက်ဂမ်းသာကြောင်း၊ သို့သော် ယခုမိမိ တို့ ကျေးရွာသည် အာလူး တူးသည့်ကာလဖြစ်သည့်အတွက်လည်း ကျေးရွာလူထုအနေဖြင့် အချိန် ပေးနိုင်မှုအားနည်းနိုင်ကြောင်း၊ ထို့ကြောင့်ယနေ့ ကျင်းပမည့် လူထုဗဟိုပြုစီမံကိန်း ၏ ပထမအကြိမ်အစည်းအဝေးနှင့် ဒုတိယအကြိမ်အစည်းအဝေးကို တစ်ရက်တည်း အပြီး ပြတ် ကျင်းပသွားမည်ဖြစ်ကြောင်း ထို့ကြောင့် အစည်းဝေးတွင် စလယ်ဆုံး တက်ကြွ စွာ ပူး ပေါင်း ပါဂင်ပေးစေလို ကြောင်း စသည်ဖြင့် အမှာစကားပြော ကြားပေး ခဲ့ပါသည်။

လူထုစည်းရုံးရေးမှူး ဦးစိုးနေလင်းမှ ပထမအကြိမ် နှင့် ဒုတိယ အကြိမ် ကျေးရွာ အစည်းအဝေး ကျင်းပ ရ ခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပေးခဲ့ပါသည်။ ဆက်လက်ပြီး စီမံကိန်း အကြောင်း ကို ကော်မတီဝင်များနှင့် ကျေးရွာလူထု အားပြန်လည်မေးမြန်းခြင်း၊ ဆွေး နွေးခြင်းတို့ ကိုပြုလုပ်ပေးခဲ့ပါသည်။

လူထုဗဟိုပြုစီမံကိန်း ၏ရည်ရွယ်ချက် နှင့် စီမံကိန်းစက်ဂန်းအကြောင်းတို ့ကို လူထုစည်းရုံးရေးမှူး မှ ဆက်လက် ရှင်း လင်းပေး ခဲ့ပါသည်။ လူမှုဆန်းစစ်ခြင်း (PRA) ပြု လုပ်နိုင်ရန်အတွက် ဦးစွာ လူထုစည်းရုံးရေးမှူး ဦးစိုးနေလင်းမှ ရှင်းလင်းတင်ပြပေးခဲ့ ပါသည်။ ထို ့နောက် လုထုစည်းရုံးရေးမှူးများဖြစ်ကြသည့် ဦးစိုးနေလင်း၊

ဦးအန်းစထရောင်း နှင့် နည်းပညာမှူး များဖြစ်ကြသည့် ဒေါ်သက်ထားဝေ နှင့် ဒေါ်ခင်စန္ဒာကို တို့မှ လူမှုဆန်းစစ်ခြင်း (PRA) များကို အသီးသီးတာဝန် ခွဲယူပြီး ကျေးရွာလူထုများ နှင့်အတူဆွေးနွေး ကြပါသည်။ ထိုသို့ဆွေးနွေးရာတွင် ပထမနှစ်စက်ဝန်းတွင် ရေးဆွဲထား သော (PRA) များကိုအခြေခံပြီး ပြန်လည် ပြုပြင် ဖြည့်စွက်လိုသည်များ ကို အသစ် ပြန်လည် ရေးဆွဲ ကြပါသည်။

လူမှုဆန်းစစ်ခြင်း (PRA) တစ်ခု ခြင်းစီကိုဆွေးနွေးရာတွင် ကျေးရွာလူထုမှ တက်ကြွစွာပါဝင်ဆွေးနွေးကြပြီး အထူးသဖြင့် ပင့်ကူအိမ်သုံးသပ်ခြင်း (Cob Web) ကိုဆွေးနွေးသည့်အပိုင်းတွင် အမျိုးသမီးထု များ စိတ်ပါ ဝင်စားစွာ ဆွေးနွေးခဲ့ကြပါသည်။

လူမှုဆန်းစစ်ခြင်း (PRA) ဆွေးနွေးမှုအပြီးတွင် ကော်မတီဝင်များ ၏ဆောင်ရန်၊ ရှောင်ရန်များ၊ ကျင့်ဝတ်များတို့ကို ဦးစိုးနေလင်းမှရှင်းလင်းတင်ပြပေးခဲ့ပါသည်။ ရှင်းလင်းမှု အပြီးတွင် ယခင်နှစ်ကော်မတီဝင်များအား ဒုတိယနှစ် စီမံကိန်းစက်ဝန်း တွင်ဆက်လက် တာဝန်ထမ်းဆောင်ချင်သည့်ဆန္ဒ ရှိ ၊ မရှိတို့ကို ကျေးရွာလူထုရှေ့မှောက်တွင်မေးမြန်းပြီး တာဝန်ဆက်လက်မထမ်းဆောင်လိုသည့် ကော်မတီဝင်များ၏ နေရာတွင် ပြန်လည်အစား ထိုးခန့်အပ်နိုင်ရန်အတွက် ကျေးရွာလူထု၏ ဆန္ဒပြုခြင်းနည်းလမ်းဖြင့် ခန့်အပ်ရွေးချယ်ခဲ့ ကြပါသည်။

ကော်မတီဝင်များပြန်လည်ဖွဲ့စည်းရွေးချယ်မှုအပြီးတွင် ကျေးရွာ၏ ဦးစားပေး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရွေးချယ်ခဲ့ကြပါသည်။ ထို သို့ရွေးချယ်ရာတွင် ကျေးရွာလူထု များမှ အဆိုပြုခြင်းနည်းလမ်းဖြင့် ၎င်းတို့ကျေးရွာအတွက် ဦးစားပေးလုပ်ငန်းများကို ရွေးချယ် ခဲ့ကြပါသည်။ ဆက်လက် ပြီး ပြန်လည်ဖွဲ့စည်းထားသောကော်မတီဝင်များ လက်မှတ် ရေးထိုးခြင်း အစီအစဉ်ကို ပြုလုပ်ခဲ့ပါသည်။

နောက်ဆုံးအနေဖြင့် ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဖိုးကြွယ် မှ ကျေးဇူးတင်အမှာစ ကားပြောကြား ပြီး အစီအစဉ်ကို ညနေ (၄း၀၀) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ (ဦးစိုးနေလင်း)

လူထုစည်းရုံးရေးမှူး

## လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PRA/PSA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်အုပ်စု | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ (Social Map/ Resource Map) | | ရပ်မိရပ်ဖ၊ ကော်မတီ ၊ကျေးရွာလူထု | 38 | 40 | 78 | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ လမ်းပန်းဆက်သွယ်ရေး အခြေအနေ၊ လယ်ယာမြေ များ၊ ရေထွက်ပေါက်၊ ရေလှောင်ကန်၊ သစ်တောများ |
| ၂ | လူမှုစီးပွားအဆင့်သတ် မှတ်ခြင်း (Wealth Ranking) | | ချမ်းသာ အလယ်အလတ် နွမ်းပါး | 70 | 80 | 150 | ကျေးရွာလူမှုစီးပွားရေးကို အုပ်စု များခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများသတ်မှတ်ရန်အများ လူထုသဘောတူသတ်မှတ်ခြင်း |
| ၃ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calendar) | | ကော်မတီ ကျေးရွာအမျိုးသမီး/ ကျေးရွာအမျိုးသား ဆင်းရဲနွမ်းပါးသူ | 70 | 80 | 150 | စိုက်ပျိုးရေးရိတ်သိမ်းကာလ (တောင်ယာ၊ လယ်ယာ)၊ စီးပွားရေး/ ငွေရှာ(အရောင်းအဝယ်၊ လွှန်တိုက်) ပွဲတော်ချိန်၊ မိုးများကာလ၊ ကျန်းမာရေးဆိုးကာလ၊ ဝင်ငွေအကောင်းဆုံးလ၊ အလုပ်ပါးကာလ၊ ရေရှားကာလ |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | | ကျေးရွာအုပ်ချုပ်ရေး အဖွဲ့၊ ကော်မတီ၊ ကျေးရွာလူထု | 70 | 80 | 150 | ကျေးရွာအတွင်းရှိအဖွဲ့ အစည်းအဝေးများနှင့် မည်သို့သော လုပ်ငန်းများအတွက် မည်သည့်အဖွဲ့ များချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | | ကျေးရွာလူထု အမျိုးသားများနှင့် အမျိုးသမီးများ | 70 | 80 | 150 | အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူအခွင့် အရေးရရှိမှုနှင့်မရရှိ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | | | | | သည့်အကြောင်းအရင်းများ (လုပ်အားခ) |
| ၆ | အခက်အခဲ (Problem) | | အမျိုးသမီး၊ အမျိုးသား၊ လူထုအားလုံး | 70 | 80 | 150 | |
| ၇ | ပြဿနာ (Problem) | | အမျိုးသား အမျိုးသား၊ လူထုအားလုံး | 70 | 80 | 150 | |
| ၈ | ကျေးရွာ၏ (၄)နှစ်တာ ဦးစားပေး အစီအစဉ်ပြဇယား (Metric Ranking) | | အမျိုးသား အမျိုးသား၊ လူထုအားလုံး ကော်မတီ | 70 | 80 | 150 | |
| ၉ | ကျေးရွာ သမိုင်းအကျဉ်းချုပ် (History) | | အမျိုးသား အမျိုးသား၊ လူထုအားလုံး ကော်မတီ | 70 | 80 | 150 | |